ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ယှဉ်ပြိုင်မှုနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသောစကားရပ်များသည် ယှဉ်ပြိုင်မှုဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ ယှဉ်ပြိုင်မှုဥပဒေကို ဆိုသည်။

(ခ) **ကျွမ်းကျင်သူ** ဆိုသည်မှာ သက်ဆိုင်ရာပညာရပ်နယ်ပယ်တစ်ခုခုကို သိရှိတတ်ကျွမ်းနားလည်သူ သို့မဟုတ် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရန်အလို့ငှာ အထူးလေ့ကျင့်ပေးထားသောသူကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ကော်မရှင်ကပေးအပ်သည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

## အခန်း (၂)

## မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်

၃။ ဝန်ကြီးဌာနသည် ကော်မရှင်ဖွဲ့စည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များအမည်စာရင်းတောင်းခံ၍လည်းကောင်း၊ သက်ဆိုင်ရာပညာရှင်များကိုရွေးချယ်၍လည်းကောင်း ကော်မရှင်အဖွဲ့ဝင်အဖြစ် အဆိုပြုသည့်ပုဂ္ဂိုလ်များ၏အမည်စာရင်းကို အစိုးရအဖွဲ့သို့တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်သင့်သည့် အမည်စာရင်းကိုလည်း အဆိုပြု တင်ပြနိုင်သည်။

၄။ ကော်မရှင်အဖွဲ့ဝင်အဖြစ် အဆိုပြုသည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းတွင် အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် အနည်းဆုံး တစ်ဦးစီ ပါဝင်စေရမည် -

(က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဂ) ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) စက်မှုဝန်ကြီးဌာန

(စ) စီးပွားရေးပညာရှင်

(ဆ) ဥပဒေပညာရှင်

(ဇ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ

၅။ ကော်မရှင်ကို အဖွဲ့ဝင် ကိုးဦးနှင့်အထက် "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

၆။ ကော်မရှင်ဥက္ကဋ္ဌသည် ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ် သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဘာသာရပ် တစ်ခုခု၌ ကျွမ်းကျင်မှုနှင့် ဗဟုသုတရှိသူဖြစ်ပြီး သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံရှိရမည်။

၇။ ကော်မရှင်အဖွဲ့ဝင်များသည်-

(က) မြန်မာနိုင်ငံတွင်နေထိုင်သော မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဂ) ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ် သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဘာသာရပ် တစ်ခုခု၌ ကျွမ်းကျင်မှုနှင့် ဗဟုသုတရှိပြီး သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ် ရှိရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့်ရှိသူ ဖြစ်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သောကော်မရှင်အဖွဲ့ဝင်သည် ဝန်ကြီးဌာနက ခွင့်ပြုသည့်လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတို့ကို ခံစားသူများဖြစ်၍ အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

၉။ (က) ကော်မရှင်ဥက္ကဋ္ဌ၏ရာထူးသက်တမ်းသည် ယင်း၏ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်အဖြစ် ထမ်းဆောင်သည့် ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

(ခ) ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် သုံးနှစ် ဖြစ်သည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်သည် ရာထူးသက်တမ်း တဆက်တည်း နှစ်ကြိမ်အထိသာ ထမ်းဆောင်နိုင်သည်။ သို့ရာတွင်ကျွမ်းကျင်မှုနှင့် အခြားလိုအပ်ချက်များရှိပါက ကော်မရှင်အဖွဲ့ဝင်၏ သက်တမ်း နှစ်ကြိမ်ထက်ပို၍ တာဝန်ပေးအပ်နိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် အောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ရပ်စဲ၍ ယင်း၏နေရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစားထိုး ခန့်ထားရမည် -

(က) သေဆုံးခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) ပြစ်မှုတစ်ခုခုကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံးက ပြစ်မှုထင်ရှားစီရင်ခံရ၍ ထောင်ဒဏ်ကျခံရခြင်း၊

(ဃ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(င) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်း၊

(စ) အကျင့်စာရိတ္တပျက်ပြားခြင်း၊

(ဆ) ဥပဒေအရ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်း။

၁၂။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(ခ)အရ မိမိ၏သဘော ဆန္ဒအလျောက်နုတ်ထွက်လိုပါက နုတ်ထွက်လိုသည့်အကြောင်းပြချက်ကို ခိုင်လုံစွာရေးသားဖော်ပြ၍ ကော်မရှင်မှတဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် ရာထူးနေရာလစ်လပ်သည့် အတွက် အစားထိုးတာဝန်ပေးအပ်ပါက ယင်းကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက် တမ်းသည် မူလရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်သည်။

၁၄။ ဝန်ကြီးဌာနသည် ကော်မရှင်အဖွဲ့ဝင်အသစ် ပြောင်းလဲတာဝန်ပေးအပ်နိုင်ရေးအတွက် ကော်မရှင် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး သုံးလ ကြိုတင်၍ ကော်မရှင်အဖွဲ့ဝင်အဖြစ် အဆိုပြုသည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တောင်းခံစုစည်း၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၃)

## အစည်းအဝေးကျင်းပခြင်း

၁၅။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးကို သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။

၁၆။ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက သဘာပတိအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌ မတက်ရောက် နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

၁၇။ အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သော ကော်မရှင်အဖွဲ့ဝင်အရေအတွက် ပြည့်မီအောင် တက်ရောက်နိုင်ခြင်းမရှိလျှင် အစည်းအဝေးကို သင့်လျော်သည့်နေ့ရက်သို့ ရွှေ့ဆိုင်း ကျင်းပရမည်။ ယင်းသို့ရွှေ့ဆိုင်းခြင်းကို ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ကော်မရှင် ရုံးက အကြောင်းကြားရမည်။

၁၈။ ကော်မရှင်ရုံးသည် ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေး ကျင်းပမည့်နေ့ရက်ကိုဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် အစည်းအဝေးရွှေ့ဆိုင်းခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ အကြောင်းကြား မှုများကို ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၉။ ကော်မရှင်၏ဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၂၀။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာ သို့မဟုတ် အခြားနည်းဖြင့် စုံစမ်းသိရှိမှုတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချနိုင်ရန်သော်လည်းကောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူရန်အကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း၊ အခြားကိစ္စရပ်တစ်ရပ်ရပ်အတွက်သော်လည်းကောင်း ကော်မတီအစည်းအဝေးကို လိုအပ်သလို ကျင်းပရမည်။

၂၁။ ကော်မရှင်နှင့် ကော်မတီတို့၏ အစည်းအဝေးကျင်းပမှုများအတွက် စီမံခန့်ခွဲခြင်း၊ ဖိတ်ကြားခြင်း၊ အစည်းအဝေးမှတ်တမ်းတင်ခြင်းများနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို ကော်မရှင်ရုံးက တာဝန်ယူ ဆောင်ရွက်ပေးရမည်။

## အခန်း (၄)

## ကော်မရှင်ရုံး၏ လုပ်ငန်းတာဝန်များ

၂၂။ ဝန်ကြီးဌာနသည် ကော်မရှင်၊ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းနှင့် ကော်မရှင်က ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကော်မရှင်ရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၃။ ဝန်ကြီးဌာနသည် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အလို့ငှာ ကော်မရှင်ရုံးရှိ ဝန်ထမ်းများ၏အရည်အချင်း တိုးတက်မြင့်မားစေရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

၂၄။ ကော်မရှင်ရုံးသည် -

(က) ကော်မရှင်က ပေးအပ်သည့် လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၊ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ပေးရမည်။

(ဂ) ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို သုံးလလျှင် တစ်ကြိမ် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြနိုင်ရန် ဆောင်ရွက်ပေးရမည်။

(ဃ) ကော်မရှင်၏တာဝန်ပေးအပ်မှုအရ ဈေးကွက်အတွင်းရှိ ဈေးကွက်အခြေအနေ၊ စီးပွားရေးလုပ်ငန်းများ၏အခြေအနေကို စောင့်ကြပ်ကြည့်ရှုရမည်။

(င) ကော်မရှင်၏ တာဝန်ပေးအပ်မှုအရ တိုင်ကြားစာများကို လက်ခံခြင်း၊ စိစစ်ခြင်းနှင့် တွေ့ရှိချက်ကို ကော်မရှင်သို့ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

(စ) တိုင်ကြားချက်များအပေါ် ကော်မရှင်မှ လက်ခံအရေးယူဆောင်ရွက်ခြင်း ပြု မပြု ဆုံးဖြတ်ချက်ကို တိုင်ကြားသူထံ စာဖြင့်ရေးသားအကြောင်းပြန်ကြားရမည်။

(ဆ) ကော်မရှင်သို့ အယူခံဝင်သည့်အမှုနှင့်စပ်လျဉ်း၍ လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံပေးရမည်။

(ဇ) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန် ကော်မရှင်၏ညွှန်ကြားချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

(ဈ) ဥပဒေပုဒ်မ ၅၂ အရသက်ညှာမှုပြုနိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံး၊ ဥပဒေရုံးနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ပေးရမည်။

၂၅။ ကော်မရှင်ရုံးသည် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ဃ)အရ စောင့်ကြပ်ကြည့်ရှုရာ၌ ပုံမှန်အခြေအနေတွင် စောင့်ကြည့်ခြင်းနှင့် ထူးခြားအခြေအနေတွင် စောင့်ကြည့်ခြင်းတို့ဖြင့် စောင့်ကြပ်ကြည့်ရှုရမည်။ စောင့်ကြပ်ကြည့်ရှုရာတွင် ထူးခြားသောအခြေအနေများ၊ ဖြစ်စဉ်များကို ဆက်လက်စုံစမ်းစစ်ဆေးဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ တင်ပြရမည်။

၂၆။ ဝန်ကြီးဌာနသည် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နိုင်ရန် လိုအပ်သောဌာနခွဲများကို ကော်မရှင်ရုံးအောက်၌ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၂၇။ ကော်မရှင်ရုံးသည် တိုင်ကြားမှုများကို လက်ခံစိစစ်၍ ကော်မရှင်သို့ အစီရင်ခံတင်ပြရာတွင် အောက်ဖော်ပြပါ အခြေအနေ၊ အချက်အလက်များပေါ်မူတည်၍ စိစစ်သုံးသပ်တင်ပြရမည် -

(က) အများပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ထိခိုက်စေသော သို့မဟုတ် အကျိုးပျက်စီးမှုနှင့် သက်ဆိုင်သော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော အခြေအနေ၊

(ခ) ဥပဒေကို ချိုးဖောက်နေသော အခြေအနေ၊

(ဂ) ယှဉ်ပြိုင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာကိစ္စရပ်များ ပါဝင်ပတ်သက်နေသည့် အခြေအနေ၊

(ဃ) အသေးစားစီးပွားရေးလုပ်ငန်းများအပေါ်အကျိုးသက်ရောက်စေသောဈေးကွက်များ၏ အခြေအနေ၊

(င) ဥပဒေကို ယခင်က ချိုးဖောက်ခဲ့ဖူးကြောင်း မှတ်တမ်းရှိသည့် စီးပွားရေးလုပ်ငန်း ဟုတ် မဟုတ်။

## အခန်း (၅)

## စုံစမ်းစစ်ဆေးရေးကော်မတီ

၂၈။ ကော်မရှင်သည် ကော်မရှင်ရုံးကတင်ပြသည့် အစီရင်ခံစာအရဖြစ်စေ၊ ခိုင်လုံသောတိုင်ကြားချက်အရဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟုယူဆလျှင် စုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်း၍ ယင်းကော်မတီ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၉။ စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းရာတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို စုံစမ်းစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျွမ်းကျင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးရေးဆိုင်ရာနယ်ပယ်နှင့် သက်ဆိုင်ရာနယ်ပယ်တို့တွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ အနည်းဆုံးတစ်ဦးစီကို ကော်မတီဝင်များအဖြစ်လည်းကောင်း ထည့်သွင်းဖွဲ့စည်းရမည်။

၃၀။ စုံစမ်းစစ်ဆေးရေးကော်မတီဝင်အဖြစ် ခန့်အပ်ခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များအတွက် လေ့ကျင့်ပေးထားသော ဒုတိယညွှန်ကြားရေးမှူးနှင့် အထက်အဆင့်ရှိသူ ဖြစ်ရမည်။

၃၁။ စုံစမ်းစစ်ဆေးရေးကော်မတီဝင်များသည် -

(က) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ ဗဟုသုတရှိသူ ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တ ကောင်းမွန်၍ ဘက်မလိုက်သူ ဖြစ်ရမည်။

(ဂ) စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ် သို့မဟုတ် သက်ဆိုင်ရာ အခြားပညာရပ်နယ်ပယ်များတွင် ဗဟုသုတရှိသူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ် ရှိသူဖြစ်ရမည်။

၃၂။ စုံစမ်းစစ်ဆေးရေးကော်မတီသည်-

(က) ကော်မရှင်က ဖွဲ့စည်းတာဝန်ပေးအပ်သည့်နေ့မှ ခုနစ်ရက်အတွင်း စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးဆောင်ရွက်မှုအခြေအနေကို ၁၅ ရက်လျှင်တစ်ကြိမ် ကော်မရှင်သို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ ဥပဒေနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

(ဃ) စတင်စုံစမ်းသည့်နေ့မှ ရက်ပေါင်း ၉ဂ အတွင်း စုံစမ်းစစ်ဆေးတွေ့ရှိချက် အပြီးသတ် အစီရင်ခံစာကို ကော်မရှင်ထံ တင်ပြရမည်။

( င ) အပြီးသတ်အစီရင်ခံရမည့်ကာလ တိုးမြှင့်သတ်မှတ်ပေးနိုင်ရန်လိုအပ်ပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြချက်တို့ဖြင့် ကော်မရှင်ထံသို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၃၃။ စုံစမ်းစစ်ဆေးရေးကော်မတီသည် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးရာတွင် လိုအပ်ပါက သက်ဆိုင်ရာကိစ္စရပ်အလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနိုင်သည်။

၃၄။ စုံစမ်းစစ်ဆေးရေးကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် -

(က) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်နှင့် ရှာဖွေခွင့် ရှိသည်။

( ခ ) ကော်မရှင်၏ တာဝန်ပေးအပ်ချက်နှင့်အညီ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို သက်သေခံအထောက်အထားအဖြစ် သိမ်းဆည်းရန်လိုအပ်ပါက ဥပဒေနှင့်အညီချိတ်ပိတ်၍ သိမ်းယူနိုင်သည်။ ယင်းပစ္စည်းများကို ကော်မရှင်က သတ်မှတ်သည့်ဘဏ်တွင် လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

( ဂ ) လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် အထောက်အထားများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်ပါက ကော်မရှင်၏တာဝန်ပေးအပ်ချက်နှင့်အညီ သက်သေခံအထောက်အထားအဖြစ် သိမ်းဆည်းနိုင်သည်။

(ဃ) သက်သေခံအထောက်အထားများ သိမ်းဆည်းရာ၌ ရှာဖွေသက်သေ နှစ်ဦး၏ရှေ့တွင် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းပုံစံ(ပုံစံ-၂)ဖြင့် မိတ္တူမှန် သုံးစောင် ပြုလုပ်၍ သိမ်းဆည်းရမည်။ ထိုပုံစံတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ ရှာဖွေသက်သေများနှင့် စုံစမ်းစစ်ဆေးရေးမှူးတို့က လက်မှတ်ရေးထိုးရမည်။ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းပုံစံ တစ်စောင်ကို စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူထံ ပေးအပ်ရမည်။

( င ) သိမ်းဆည်းထားသောပစ္စည်းများကို စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း ကတိခံဝန်ချုပ်ဖြင့် ယာယီပြန်လည်အပ်နှံထားရန် ကော်မရှင်က ခွင့်ပြုလျှင် လုံလောက်သော အာမခံဖြင့် သက်သေခံပစ္စည်းများ ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-၃)

ဖြင့် ချုပ်ဆိုစေ၍ ယင်းပစ္စည်းများကို သိမ်းဆည်းခြင်းခံရသူထံသို့ ခံဝန်ချုပ်ဖြင့် ယာယီ ပြန်လည်အပ်နှံထားရမည်။

၃၅။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်သောလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရာတွင် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၃၆။ စုံစမ်းစစ်ဆေးရေးကော်မတီသည် လုပ်ငန်းအဖွဲ့၏လုပ်ငန်းတာဝန်ကို သတ်မှတ်ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည့် အချိန်ကာလကို ထည့်သွင်း သတ်မှတ်ပေးရမည်။

၃၇။ လုပ်ငန်းအဖွဲ့က စုံစမ်းစစ်ဆေးသည့်အချိန်ကာလ ပိုမိုလိုအပ်ကြောင်း ခိုင်လုံသော အကြောင်းပြချက်နှင့်တကွ စုံစမ်းစစ်ဆေးရေးကော်မတီသို့အစီရင်ခံတင်ပြလာပါ က သင့်တော်သည့်အချိန်ကာလ တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

၃၈။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်မှုပြုရန် အကြောင်းပေါ်ပေါက်ပါက ကော်မတီဝင်များနှင့် တိုင်ပင်ဆွေးနွေးဆုံးဖြတ်ချက်ချနိုင်ရန် ကော်မတီအစည်းအဝေးကို ကျင်းပရမည်။

၃၉။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုပြုရာ၌ နေ့စဉ်ဆောင်ရွက်ချက်၊ စစ်ဆေးတွေ့ရှိချက်ကို နေ့စဉ်မှတ်တမ်း(ပုံစံ-၄)၌ ထည့်သွင်းရေးမှတ်ရမည်။

၄၀။ ကော်မရှင်သည် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်ရှိသူကို စုံစမ်းစစ်ဆေးရေးကော်မတီသို့မဟုတ် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း မပြုရ-

(က) တိုင်ကြားသူ သို့မဟုတ် စုံစမ်းစစ်ဆေးခံရသူနှင့် ဆွေမျိုးတော်စပ်သူ၊

(ခ) စုံစမ်းစစ်ဆေးသည့်အမှုကိစ္စနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူ၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်နေသူ၊

(ဂ) တာဝန်ထမ်းဆောင်ရာတွင် မျက်နှာသာပေးဘက်လိုက် ဆောင်ရွက်နိုင်သည့် အနေအထားရှိကြောင်း လုံလောက်သည့် အကြောင်းပြချက်ရှိသူ။

## အခန်း(၆)

## လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄၁။ စုံစမ်းစစ်ဆေးရေးကော်မတီသည် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးကော်မတီဝင်တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်စေလျက် အဖွဲ့ဝင် အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။

၄၂။ လုပ်ငန်းအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များအတွက် လေ့ကျင့်ပေးထားသော ဦးစီးအရာရှိနှင့်အထက်အဆင့်ရှိသူ ဖြစ်ရမည်။

၄၃။ လုပ်ငန်းအဖွဲ့သည် စုံစမ်းစစ်ဆေးရန် ယင်း၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် -

(က) စုံစမ်းစစ်ဆေးရေးကော်မတီကပေးအပ်သောလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရမည်။

( ခ ) စုံစမ်းစစ်ဆေးရေးကော်မတီက သတ်မှတ်ပေးသောအချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကိစ္စများကို ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရမည်။

( ဂ ) စုံစမ်းစစ်ဆေးခြင်းကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်နှင့်တကွ စုံစမ်းစစ်ဆေးရေးကော်မတီသို့ တင်ပြရမည်။

(ဃ) စုံစမ်းစစ်ဆေးမှုပြုရာတွင် မိမိ၏နေ့စဉ်ဆောင်ရွက်ချက်များကို နေ့စဉ်မှတ်တမ်း(ပုံစံ-၄) ၌ ထည့်သွင်းရေးမှတ်ရမည်။

( င ) စုံစမ်းစစ်ဆေးမှုပြီးစီးပါက စုံစမ်းစစ်ဆေးတွေ့ရှိချက် သက်သေခံအထောက်အထားနှင့်တကွ စုံစမ်းစစ်ဆေးရေးကော်မတီသို့ အစီရင်ခံစာတင်ပြရမည်။

၄၄။ လုပ်ငန်းအဖွဲ့သည် စုံစမ်းစစ်ဆေးရေးကော်မတီက သတ်မှတ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အခြားပုဂ္ဂိုလ်များနှင့် စာရွက်စာတမ်းများကို ဥပဒေနှင့်အညီ စစ်ဆေးပိုင်ခွင့်ရှိသည်။

## **အခန်း(၇)**

## **ယှဉ်ပြိုင်မှုဆိုင်ရာ အမှုကိစ္စများတွင် သက်ဆိုင်သူများ၏ တာဝန်နှင့် အခွင့်အရေးများ**

၄၅။ တိုင်ကြားသူသည်-

(က) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ တင်ပြခွင့်ရှိသည်။

( ခ ) တိုင်ကြားသည့်ကိစ္စကို သိရှိသည့် သက်သေများတင်ပြခွင့်ရှိသည်။

(ဂ) စုံစမ်းစစ်ဆေးသည့်ကိစ္စနှင့်သက်ဆိုင်သော သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေးအထောက်အထား၊ သံသယဖြစ်ဖွယ်ကိစ္စရပ်များနှင့် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြချက်များကို တင်ပြနိုင်သည်။

(ဃ) စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ရမည်။

၄၆။ စုံစမ်းစစ်ဆေးခြင်းခံရသူသည်-

(က) စုံစမ်းစစ်ဆေးမည့်ကိစ္စရပ်များနှင့်ပတ်သက်သည့် လိုအပ်သော သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေးအထောက်အထားများနှင့် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြချက်များကို တင်ပြရမည်။

(ခ) လိုအပ်သောစုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) မှားယွင်းသော သို့မဟုတ် အထင်အမြင်လွဲမှားစေနိုင်သော အချက်အလက် သို့မဟုတ် သက်သေခံအထောက်အထားများ၊ ထွက်ဆိုချက်များကိုပေးအပ်ထွက်ဆိုပါ ကဥပဒေအရ အရေးယူခြင်းခံရမည်။

(ဃ) ယင်းနှင့်ပတ်သက်သည့် သို့မဟုတ် အကျိုးစီးပွားစပ်ဆိုင်သည့် အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို စုံစမ်းစစ်ဆေးရေးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့က ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်းပြုရာတွင် ခွင့်ပြုရမည့်အပြင် ပူးပေါင်းဆောင်ရွက်ရမည်။

(င) ကော်မရှင်၊ စုံစမ်းစစ်ဆေးရေးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့မှ တောင်းဆိုသော သက်သေခံအထောက်အထားများကို သတ်မှတ်ချိန်အတွင်း တင်ပြရမည်။

(စ) အမှုကိစ္စနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို လေ့လာခွင့်၊ မှတ်စုထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့် ရှိသည်။

(ဆ) မိမိတို့တင်ပြလိုသည့် သက်သေခံအထောက်အထားများကို တင်ပြခွင့်၊ တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချေပခွင့် ရှိသည်။

(ဇ) ကျွမ်းကျင်သူပညာရှင်များနှင့် သက်သေများကို စုံစမ်းစစ်ဆေးရေးကော်မတီသို့ တင်ပြခွင့်ရှိသည်။

၄၇။ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့သောသက်သေ

ခံအထောက်အထားများကို အမှုစုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ခံဝန်ချုပ်ဖြင့် ယာယီပြန်လည် ရယူလိုပါက ရယူလိုသည့်ပစ္စည်းစာရင်းအပြည့်အစုံ၊ ပြန်လည်ရယူလိုသည့် ခိုင်လုံသောအကြောင်းပြချက်စသည်တို့ကို အသေးစိတ်ဖော်ပြ၍ စုံစမ်းစစ်ဆေးရေးကော်မတီမှတဆင့် ကော်မရှင်သို့ လျှောက်ထားရမည်။

၄၈။ တိုင်ကြားသူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းတို့ကလွှဲအပ်သောကိုယ်စားလှယ်သည် ၎င်းတို့ကိုယ်စားပြုသည့်ဘက်မှ ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် တာဝန်များကို ကာကွယ်ရန်အလို့ငှာ ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စ၌ ပါဝင်ဆောင်ရွက်နိုင်သည်။

၄၉။ ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စတွင် ပါဝင်ဆောင်ရွက်သော ကိုယ်စားလှယ်သည် -

(က) ယှဉ်ပြိုင်မှုဆိုင်ရာ အမှုကိစ္စအဆင့်တိုင်း၌ ပါဝင်အကျိုးဆောင်ခွင့်ရှိသည်။

(ခ) မိမိကိုယ်စားပြုသည့်ဘက်မှ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးနှင့် တာဝန်များအတွက် ကာကွယ်ခုခံရန် သက်သေခံအထောက်အထားများကို ဥပဒေနှင့်အညီ တင်ပြနိုင်သည်။

(ဂ) မိမိကိုယ်စားပြုသည့်ဘက်မှ သတ်မှတ်ထားသည့် အခွင့်အရေးနှင့်တာဝန်များအတွက် ကာကွယ်ခုခံရန် ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို စုံစမ်းစစ်ဆေးရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် လေ့လာခွင့်၊ မှတ်စုထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့် ရှိသည်။

(ဃ) ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စအတွက် ဆင့်ခေါ်မှုများကို လာရောက်ရင်ဆိုင်ရမည်။

(င) သက်သေခံအထောက်အထားများ၊ သက်သေများ သို့မဟုတ် အခြားသက်ဆိုင်သူများကို မမှန်မကန်အစစ်ဆေးခံရန် သို့မဟုတ် မှန်ကန်မှုမရှိသော အထောက်အထားများ တင်ပြရန် တံစိုးလက်ဆောင်ပေးခြင်း၊ ဖိအားပေးခြင်း၊ စည်းရုံးခြင်း၊ သွေးဆောင်ခြင်း၊ လှုံ့ဆော်ခြင်းတို့ကို ရှောင်ကြဉ်ရမည်။

(စ) စုံစမ်းစစ်ဆေးသောအမှုကိစ္စနှင့်စပ်လျဉ်းသည့် မိမိကိုယ်စားပြုသောစီးပွားရေးလုပ်ငန်းများ၏ လျှို့ဝှက်ချက်များ၊ ထင်မြင်ယူဆချက်များကို အမှုကိစ္စဖြေရှင်းမှု မပြီးဆုံးမီ ပြင်ပ၌ မည်သည့်နည်းလမ်းဖြင့်မဆို ဖော်ထုတ်ပြောဆိုခြင်း၊ သတင်းလွှင့်ခြင်း၊ ထိုသို့ သက်ရောက်စေသော အပြုအမူများပြုခြင်းတို့ကို ရှောင်ကြဉ်ရမည်။

၅၀။ စုံစမ်းစစ်ဆေးမှုတွင် သက်သေအဖြစ် အစစ်ဆေးခံရသူသည် -

(က) စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ မိမိသိရှိသမျှအဖြစ်အပျက်အားလုံးကို ကော်မရှင်၊ ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စအတွက် ဖွဲ့စည်းထားသည့် ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ ရှေ့မှောက်တွင် ထွက်ဆိုအစစ်ဆေးခံရမည်။ လူကိုယ်တိုင်လာရောက်ထွက်ဆိုရန် မဖြစ်နိုင်ကြောင်း ခိုင်လုံသည့်အကြောင်းပြချက်ရှိ၍ ကော်မရှင်ကခွင့်ပြုလျှင် စာဖြင့်ရေးသား၍ ထွက်ဆိုချက်ပေးနိုင်သည်။

( ခ ) စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ မိမိထံတွင်ရှိသော သက်သေခံအထောက်အထားများ၊ စာရွက်စာတမ်းများကို တင်ပြရန်တောင်းဆိုပါက တင်ပြရမည်။

( ဂ ) စုံစမ်းစစ်ဆေးမှုတွင် လာရောက်ထွက်ဆိုသောသက်သေများသည် ကော်မရှင်က သတ်မှတ်ထားသည့် နေ့တွက်စရိတ်နှင့် ခရီးစရိတ်ခံစားခွင့်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက ကော်မရှင်ကသတ်မှတ်သော နေ့တွက်စရိတ်နှင့် ခရီးစရိတ်ကိုဖြစ်စေ၊ သက်ဆိုင်ရာဌာနက ထုတ်ပေးသော နေ့တွက်စရိတ်နှင့် ခရီးစရိတ်ကိုဖြစ်စေ ခံစားခွင့်ရှိသည်။

(ဃ) ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စနှင့် သက်ဆိုင်သည့် အခြေအနေအားလုံးကို အမှန်အတိုင်း တင်ပြရမည်။

၅၁။ စုံစမ်းစစ်ဆေးမှုတွင် ကျွမ်းကျင်ပညာရှင်အဖြစ် ပါဝင်ကူညီဆောင်ရွက်သူသည် -

(က) ယှဉ်ပြိုင်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွင် ရရှိသည့် အထောက်အထား၊ အချက်အလက်များကို ဖတ်ရှုခြင်း၊ ထင်မြင်ချက်ပေးခြင်းနှင့် သုံးသပ်ချက်များကို ဖြောင့်မတ်မှန်ကန်စွာပေးခြင်း ပြုရမည်။

( ခ ) စုံစမ်းစစ်ဆေးမှုတွင် ထင်မြင်ချက်ပေးနိုင်ရန် အရေးယူဆောင်ရွက်မှုတွင် ပါဝင်သောသူများကို လိုအပ်သလို မေးမြန်းခြင်းပြုနိုင်သည်။

( ဂ ) ထင်မြင်ချက် သို့မဟုတ် သုံးသပ်ချက်ပေးရမည့်ကိစ္စသည် မိမိတတ်ကျွမ်းသည့် ပညာရပ်နှင့် သက်ဆိုင်မှုမရှိခြင်း သို့မဟုတ် သုံးသပ်ချက်အတွက် အသုံးပြုရမည့်အဓိက အချက်များလုံလောက်စွာမရရှိခြင်း သို့မဟုတ် အဓိကအချက်များမဟုတ်ခြင်းတို့ကြောင့် ထင်မြင်ချက် သို့မဟုတ် သုံးသပ်ချက်မပေးနိုင်လျှင် စုံစမ်းစစ်ဆေးရေးကော်မတီထံ စာဖြင့် အကြောင်းကြားရမည်။

(ဃ) ကော်မရှင်က သတ်မှတ်သည့် ခရီးစရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိသည်။

၅၂။ စုံစမ်းစစ်ဆေးရေးကော်မတီသည် ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန် ခန့်အပ်ရာတွင် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်ရှိသူကို ပါဝင်ကူညီဆောင်ရွက်စေခြင်းမှ ရှောင်ကြဉ်ရမည်-

(က) အမှုကိစ္စတစ်ခုတည်းတွင် တစ်ဖက်အမှုသည်၏ ရှေ့နေ သို့မဟုတ် အသိသက်သေအဖြစ် ပါဝင်ဆောင်ရွက်နေသူ ဖြစ်ခြင်း၊

( ခ ) စုံစမ်းစစ်ဆေးရေးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့တွင် ပါဝင်သူ ဖြစ်ခြင်း၊

( ဂ ) စုံစမ်းစစ်ဆေးခြင်းခံရသော စီးပွားရေးလုပ်ငန်းတွင် အကျိုးသက်ဆိုင်သူ ဖြစ်ခြင်း။

## အခန်း (၈)

## တိုင်ကြားခြင်းနှင့် စိစစ်ဆောင်ရွက်ခြင်း

၅၃။ ဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တစ်ဦးဦးက ဖောက်ဖျက်ကြောင်း သိရှိသူ သို့မဟုတ် ဖောက်ဖျက်သည်ဟု သံသယရှိသူ မည်သူမဆို ကော်မရှင်သို့ တိုက်ရိုက်ဖြစ်စေ၊ ကော်မရှင်ရုံးမှတဆင့်ဖြစ်စေ တိုင်ကြားနိုင်သည်။

၅၄။ နည်းဥပဒေ ၅၃ အရ တိုင်ကြားရာတွင် -

(က) တိုင်ကြားမှုပုံစံ(ပုံစံ-၁)တွင် မြန်မာဘာသာဖြင့် ရှင်းလင်းစွာ ဖြည့်သွင်းတိုင်ကြားရမည်။

( ခ ) တိုင်ကြားသည့်ကိစ္စနှင့်သက်ဆိုင်သော ပြုမူဆောင်ရွက်ချက်နှင့် ခိုင်လုံသောသက်သေခံအထောက်အထားများ ပူးတွဲတင်ပြနိုင်သည်။

( ဂ ) ကော်မရှင်နှင့် ကော်မရှင်ရုံးသည် တိုင်ကြားသူ၏ လုံခြုံရေးအတွက် ထိုသူ၏ ကိုယ်ရေးအချက်အလက်နှင့် အခြားသက်ဆိုင်နိုင်သည့်အချက်အလက်များကိုလျှို့ဝှက်ထားရမည်။

၅၅။ ကော်မရှင်ရုံးသည် ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ တိုင်ကြားသည့်အမှုကိစ္စတိုင်းကို အကြောင်းအခြင်းရာအရ ခိုင်လုံမှုနည်းပါးစေကာမူ တိုင်ကြားသူ၏ အမည်ဖော်ထုတ်၍ တိုင်ကြားသည်ဖြစ်စေ၊ ဖော်ထုတ်ခြင်းမပြုပဲ တိုင်ကြားသည်ဖြစ်စေ သတင်းပေးတိုင်ကြားချက်ကို မှတ်တမ်းစာအုပ်တွင် ချက်ချင်း ရေးမှတ်ရမည်။

၅၆။ ကော်မရှင်ရုံးသည် ကော်မရှင်ဥက္ကဋ္ဌသို့တိုက်ရိုက်ဖြစ်စေ၊ ကော်မရှင်ရုံးမှတဆင့်ဖြစ်စေ တိုင်ကြားလာသည့် တိုင်ကြားချက်ကို လက်ခံရရှိသည့်နေ့မှစ၍ ခုနှစ်ရက်အတွင်း ခိုင်လုံသောတိုင်ကြားချက်ဟုတ် မဟုတ် စိစစ်ပြီး ကော်မရှင်သို့ တင်ပြရမည်။

၅၇။ ကော်မရှင်ရုံးသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တိုင်ကြားချက်အပေါ် လက်ခံအရေးယူဆောင်ရွက်ခြင်း ပြု မပြုကို တိုင်ကြားသူထံ ဆောလျင်စွာ စာဖြင့်ရေးသား အကြောင်းပြန်ကြားရမည်။

၅၈။ တိုင်ကြားသူသည် မရိုးမဖြောင့်သောသဘောဖြင့် အကြောင်းအခြင်းအရာများကို ထိမ်ချန်၍သော်လည်းကောင်း၊ အများပြည်သူကိုဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ မတရားသဖြင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေရန်အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မဟုတ်မမှန်လိမ်လည်တိုင်ကြားခြင်း၊ သက်သေထွက်ဆိုခြင်း၊ သက်သေခံအထောက်အထားတင်ပြခြင်းများပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

## အခန်း(၉)

## စုံစမ်းစစ်ဆေးခြင်း

၅၉။ ယှဉ်ပြိုင်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုပြုရန် ကော်မရှင်ကတာဝန်ပေးအပ်လာပါက စုံစမ်းစစ်ဆေးရေးကော်မတီသည် ဤနည်းဥပဒေများအရ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ရမည်။

၆၀။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးကိစ္စများနှင့် ပတ်သက်၍ အောက်ပါကိစ္စရပ်များ အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်စေရန်အလို့ငှာ ယင်း၏စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာကို စုံစမ်းစစ်ဆေးရေးလုပ်ငန်းအဖွဲ့သို့ ပေးအပ်နိုင်သည် -

(က) သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေး အထောက်အထားများနှင့် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြချက်များ တောင်းယူစစ်ဆေးမှုပြုခြင်း၊

(ခ) လိုအပ်သော သက်သေများ ခေါ်ယူမေးမြန်းမှု ဆောင်ရွက်နိုင်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ယင်းတို့နှင့်ဆက်စပ်ပါဝင်နိုင်ဖွယ်ရှိသောသူတစ်ဦးဦး၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်းများဆောင်ရွက်နိုင်ခြင်း။

၆၁။ ယှဉ်ပြိုင်မှုကိစ္စရပ်များအတွက် စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရာတွင် -

(က) မြန်မာဘာသာစကားနှင့် မြန်မာစာကို အသုံးပြုရမည်။

(ခ) စကားပြန်ငှားရမ်းဆောင်ရွက်ရန်လိုအပ်ပါက ကုန်ကျစရိတ်ကို သက်ဆိုင်ရာပုဂ္ဂိုလ်ကကျခံရမည်။

(ဂ) စုံစမ်းစစ်ဆေးမှုပြုသောကိစ္စနှင့်စပ်လျဉ်း၍ အခွင့်အရေး သို့မဟုတ် အကျိုးအမြတ်ခံစားခွင့်ရှိသူကို စကားပြန်အဖြစ် ဆောင်ရွက်စေခြင်းကို ရှောင်ကြဉ်ရမည်။

၆၂။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးနေစဉ်အတွင်း စုံစမ်းစစ်ဆေးခြင်းခံရသူ၏ အမှုကိစ္စနှင့်ပတ်သက်သည့် ငွေကြေးနှင့်ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းမှုပြုခြင်းတို့မှ တားမြစ်နိုင်ရန်အတွက် အောက်ပါအချက်အလက်များကို ကော်မရှင်သို့ တင်ပြရမည်-

(က) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သောဖြစ်စဉ် အကျဉ်းချုပ်၊

( ခ ) ပြစ်မှုကျူးလွန်သည်ဟု ယူဆနိုင်သော စစ်ဆေးတွေ့ရှိချက်၊

( ဂ ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် ဆောင်ရွက်မည့်အချိန်ကာလ၊

(ဃ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် သက်ဆိုင်သောဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အမည်နှင့် လိပ်စာ။

၆၃။ ကော်မရှင်သည် နည်းဥပဒေ ၆၂ အရ တင်ပြလာမှုနှင့် ပတ်သက်၍လည်းကောင်း၊ အခြားသော ယှဉ်ပြိုင်မှုဆိုင်ရာ ငွေရေးကြေးရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ရယူရန်ညှိနှိုင်းဆောင်ရွက်ရမည်။

၆၄။ ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီဝင်၊ လုပ်ငန်းအဖွဲ့ဝင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများသည်-

(က) ဥပဒေအရတားမြစ်ထားသည့်အပြုအမူများ၊ တရားမျှတမှုမရှိသောယှဉ်ပြိုင်မှုအလို့ငှာ ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် အမှုကိစ္စများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။

( ခ ) မိမိတို့၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လျှို့ဝှက်ချက်များပေါက်ကြားမှုမရှိစေရန် ကာကွယ်စောင့်ထိန်းရမည်။

( ဂ ) သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ ဥပဒေအရ ရပိုင်ခွင့်များနှင့်အကျိုးစီးပွားများကို လေးစားလိုက်နာရမည်။

၆၅။ စုံစမ်းစစ်ဆေးရေးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့သည် စုံစမ်းစစ်ဆေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူ၏ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူ၏အမည်စာရင်းကို ကော်မရှင်ထံတင်ပြ၍ ယင်း၏သဘောတူခွင့်ပြုချက်နှင့် အညီ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူကို ပါဝင်ကူညီဆောင်ရွက်စေနိုင်သည်။

၆၆။ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူတစ်ဦးထက်ပိုသော ကိစ္စရပ်များတွင် စုံစမ်းစစ်ဆေးရေး ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့သည် ဖိတ်ကြားထားသော ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူများ၏

အကြံပြုသုံးသပ်ချက် ကွဲလွဲမှုများပေါ်ပေါက်နေလျှင် အဆိုပါအကြံပြုသုံးသပ်ချက်များကို အစီရင်ခံစာတွင် သီးခြားစီ အသေးစိတ် ဖော်ပြရမည်။

၆၇။ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူများ၏ သုံးသပ်အကြံပြုချက်ကို စုံစမ်းစစ်ဆေးမှုနှင့် စီရင်ဆုံးဖြတ်မှုတွင် အသုံးပြုခြင်းမှတစ်ပါး အခြားရည်ရွယ်ချက်အတွက် အသုံးပြုခြင်း၊ ပေါက်ကြားခြင်း မရှိစေရန် ထိန်းသိမ်းထားရမည်။ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူ၏ သုံးသပ်အကြံပြုချက်ကို ဆုံးဖြတ်ချက်တွင် လက်မှတ်ရေးထိုး အတည်ပြုသူများမှလွဲ၍ အခြားမည်သူကိုမျှ အသိပေးခြင်း၊ အသုံးပြုစေခြင်းကို ရှောင်ကြဉ်ရမည်။

၆၈။ စုံစမ်းစစ်ဆေးရေးကော်မတီသည် နည်းဥပဒေ ၄၇ အရလျှောက်ထားချက်ကို လက်ခံရရှိပါက အောက်ပါအမိန့်တစ်ရပ်ရပ်ချမှတ်ပေးနိုင်ရန် သဘောထားမှတ်ချက်နှင့်တကွ ကော်မရှင်သို့ တင်ပြရမည် -

(က) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏လျှောက်ထားချက်အရ လုံလောက်သော ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်ပေးအပ်သည့်အမိန့်၊

(ခ) တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း မပြုရန် တားမြစ်သည့်အမိန့်။

၆၉။ ကော်မရှင်သည် နည်းဥပဒေ ၆၈ အရ တင်ပြချက်ကိုစိစစ်ပြီး သင့်လျော်သည့် အမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

၇၀။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုပြီးဆုံးသည့်အချိန်၌ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။ အဆိုပါအစီရင်ခံစာတွင် အောက်ပါအချက်များကို လိုအပ်သလို ထည့်သွင်းဖော်ပြရမည် -

(က) ကျူးလွန်သောပြစ်မှုအမျိုးအစားနှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်၊

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူက ပြည်တွင်း၊ ပြည်ပရှိ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်း၊ ငွေကြေး၊ ပစ္စည်းနှင့် သတင်းအချက်အလက်များကို စတင်ပိုင်ဆိုင်ခဲ့သည့် သို့မဟုတ် အကျိုးခံစားခဲ့သည့် နေ့ရက်၊

(ဃ) ငွေကြေး၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ပုံနှင့် ထိုသို့ပြုလုပ်သည့်နေ့ရက်၊

(င) ငွေကြေး၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များကို ရယူပိုင်ဆိုင်ခဲ့သည့်နည်းလမ်းနှင့် လွှဲပြောင်းသည့်နေ့ရက်၊

(စ) ငွေကြေး၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များ၏ ခန့်မှန်းခြေကာလတန်ဖိုး၊ တည်ရှိရာနေရာနှင့် စုံစမ်းစစ်ဆေးသည့်အချိန်တွင် ထိုပစ္စည်းများ မရှိပါက ထိုသို့မရှိရသည့်အကြောင်း၊

(ဆ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ငွေကြေး၊ ပစ္စည်းအမျိုးအစားနှင့် သတင်းအချက်အလက်များ၊ ထိန်းချုပ်မှုအောက်တွင် မရှိသောငွေကြေး၊ ပစ္စည်းအမျိုးအစားနှင့် သတင်းအချက်အလက်များ၊ အခြားသူသို့ အမည်လွှဲပြောင်းထားသော ပစ္စည်းအမျိုးအစား၊ အခြားသူပိုင်ပစ္စည်းနှင့် ရောထွေးနေပြီး သီးခြားခွဲထုတ်ရန် လွယ်ကူသောပစ္စည်းအမျိုးအစားနှင့် လွယ်ကူခြင်းမရှိသောပစ္စည်းအမျိုးအစားအပြင် ပစ္စည်းတစ်ခုချင်းအလိုက် စာရင်းဇယား၊

(ဇ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ အခြားစီးပွားရေးလုပ်ငန်းနှင့် ဝင်ငွေများ၊

(ဈ) သက်သေခံအထောက်အထားတွင် အကျိုးသက်ဆိုင်သူ၏ တင်ပြချက်၊

(ည) စုံစမ်းစစ်ဆေးရေးကော်မတီ၏ ဆောင်ရွက်ချက်အကျဉ်း၊

(ဋ) စုံစမ်းစစ်ဆေးရေးကော်မတီ၏စစ်ဆေးတွေ့ရှိချက်အပေါ် စိစစ်သုံးသပ်အကြံပြုချက်၊

(ဌ) သက်သေစာရင်းနှင့် သိမ်းဆည်းခဲ့သည့် သက်သေခံအထောက်အထားစာရင်း၊

၇၁။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိလျှင် ကော်မရှင်သို့ သုံးသပ်အကြံပြုတင်ပြရမည်။ ယင်းသို့ သုံးသပ်အကြံပြု တင်ပြရာတွင် -

(က) မည်သည့်တားမြစ်ချက်ကို ကျူးလွန်ကြောင်း သုံးသပ်တင်ပြချက်နှင့် သဘောထားမှတ်ချက်တို့ကို သက်သေခံအထောက်အထားနှင့်တကွ တင်ပြရမည်။

(ခ) စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း တားမြစ်ချက်ကို ချိုးဖောက်မှုတွင် မိမိကိုယ်တိုင်ပါ ဝင်ကြောင်း ထုတ်ဖော်သတင်းပေးသူရှိပါက ပြစ်ဒဏ်များမှ ကင်းလွတ်သက်သာခွင့်ရရှိရန်အလို့ငှာ သက်ညှာမှုအဖြစ် ခံစားခွင့်ပြုနိုင်ရေးအတွက် ကော်မရှင်သည်

သက်ဆိုင်ရာတရားရုံး၊ ဥပဒေရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန်အလို့ငှာ ပူးပေါင်းဆောင်ရွက်မှုကို မည်သည့်အချိန်တွင်စတင်ပြုလုပ်ကြောင်း၊ မည်မျှအတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ကြောင်း၊ မည်သည့်သက်ညှာမှုအစီအစဉ်ကိုခံစားခွင့်ပြုနိုင်ကြောင်း ခိုင်လုံသော အထောက်အထားနှင့်တကွ တင်ပြရမည်။

၇၂။ ကော်မရှင်သည် နည်းဥပဒေ ၇၁ အရ စုံစမ်းစစ်ဆေးရေးကော်မတီက တင်ပြသည့် အစီရင်ခံစာကို ရရှိလျှင် ယင်းအစီရင်ခံစာကို စိစစ်သုံးသပ်၍ တရားစွဲဆိုခြင်း ပြု မပြု ဆုံးဖြတ်ရမည်။

၇၃။ ကော်မရှင်၊ စုံစမ်းစစ်ဆေးရေးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့က စုံစမ်းစစ်ဆေးရာမှ ရရှိသည့် အချက်အလက်နှင့် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း၊ ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စနှင့်စပ်လျဉ်း၍ ထိန်းသိမ်းထားသည့် စာရွက်စာတမ်း၊ အမှုတွဲ သို့မဟုတ် ရေးမှတ်ထားသည့် ထုတ်နုတ်ချက်များကိုလည်းကောင်း အမှုကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူနှင့် ဥပဒေအရတောင်းဆိုပိုင် ခွင့်ရှိသူတို့မှအပ မည်သူမျှ တောင်းခံကြည့်ရှုစစ်ဆေးခြင်း၊ ကူးယူသိမ်းဆည်းခြင်း သို့မဟုတ် ဖော်ထုတ်ပြောဆိုခြင်း မပြုရ။

၇၄။ စုံစမ်းစစ်ဆေးရာမှရရှိသည့် အချက်အလက်နှင့် စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်မှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း မပြုရ။

## အခန်း (၁၀)
## သက်ညှာမှုပြုခြင်း

၇၅။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးမှုစတင်ခြင်းမပြုမီ သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုနေစဉ်အတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ယှဉ်ပြိုင်ဆောင်ရွက်မှုကို ချိုးဖောက်ရာတွင် မိမိကိုယ်တိုင်ပါဝင်ကြောင်းထုတ်ဖော်၍ လာရောက်ပူးပေါင်းဆောင်ရွက်လျှင် ထိုသူအား ပူးပေါင်းဆောင်ရွက်သည့်အချိန်နှင့် ပူးပေါင်းပါဝင်မှုအနေအထားကိုမူတည်၍ သက်ညှာမှုပြုနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့ထံ ဥပဒေပုဒ်မ ၅၂ အရ ညှိနှိုင်းဆောင်ရွက်ရမည်။

( ခ ) စုံစမ်းစစ်ဆေးသည့်အမှုကိစ္စတစ်ရပ်အတွက် ကင်းလွတ်သက်သာခွင့်အဖြစ် သက်ညှာခွင့်ပြုရန်လျှောက်ထားသူ ငါးဦးအထိသာ စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

၇၆။ သက်ဆိုင်ရာတရားရုံးသည် နည်းဥပဒေ ၇၅ အရ ကော်မရှင်၏ ညှိနှိုင်းမှုကိုလက်ခံရရှိလျှင် ဥပဒေအရ ချမှတ်သည့်ပြစ်ဒဏ်များမှ ကင်းလွတ်သက်သာခွင့်အဖြစ် ခံစားခွင့်ပြုနိုင်သည်။ ယင်းသို့ သက်ညှာမှုပြုရာ၌ -

(က) စုံစမ်းစစ်ဆေးမှုစတင်ခြင်းမပြုမီ ဥပဒေပါတားမြစ်ချက်ချိုးဖောက်မှုတွင် မိမိကိုယ်တိုင် ပါဝင်ခဲ့ကြောင်းဝန်ခံပြောဆို၍ လာရောက်ပူးပေါင်းဆောင်ရွက်လျှင် -

(၁) အမှုကိစ္စအတွက် အထောက်အကူပြုသည့် သက်သေခံအထောက်အထား၊ အချက်အလက်အပြည့်အစုံကို ဦးစွာတင်ပြနိုင်သူဖြစ်ပါက ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို ၁၀၀ ရာခိုင်နှုန်းအထိ သက်ညှာမှုပြုနိုင်သည်။

(၂) အမှုကိစ္စအတွက် အထောက်အကူပြုသည့် သက်သေခံအထောက်အထား၊ အချက်အလက်ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသော်လည်း ဦးစွာတင်ပြသူဖြစ်ပါက ပြစ်ဒဏ်မှ သက်သာခွင့်ကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ပေါ့သက်ညှာမှုပြုနိုင်သည်။

(၃) အမှုကိစ္စအတွက် အထောက်အကူပြုသည့် သက်သေခံအထောက်အထား၊ အချက်အလက်ကို ဒုတိယတင်ပြသူဖြစ်လျှင် ပြစ်ဒဏ်မှသက်သာခွင့်ကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ပေါ့သက်ညှာမှုပြုနိုင်သည်။

(၄) အမှုကိစ္စအတွက် အထောက်အကူပြုသည့် သက်သေခံအထောက်အထား၊ အချက်အလက်ကို တတိယမှ ပဉ္စမမြောက်အထိ တင်ပြသူဖြစ်လျှင် ပြစ်ဒဏ်မှသက်သာခွင့်ကို ၃၀ ရာ ခိုင်နှုန်းအထိ လျှော့ပေါ့သက်ညှာမှုပြုနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေစဉ်အတွင်း ဥပဒေပါတားမြစ်ချက်ချိုးဖောက်မှုတွင် မိမိကိုယ်တိုင်ပါဝင်ခဲ့ကြောင်းဝန်ခံပြောဆို၍ လာရောက်ပူးပေါင်းဆောင်ရွက်လျှင် -

(၁) ကင်းလွတ်သက်သာခွင့်အဖြစ် သက်ညှာခွင့်ပြုရန်လျှောက်ထားသူ သုံးဦး အထိသာ ခံစားခွင့်ပြုနိုင်သည်။

(၂) အမှုကိစ္စအတွက် အထောက်အကူပြုသည့် သက်သေခံအထောက်အထား၊ အချက်အလက်တင်ပြသူကို ပြစ်ဒဏ်မှသက်သာခွင့်အဖြစ် ၃၀ ရာခိုင်နှုန်းအထိ လျှော့ပေါ့သက်ညှာမှု ပြုနိုင်သည်။

၇၇။ သက်ညှာမှုပြုရန်ကိစ္စနှင့်ပတ်သက်၍ -

(က) ကော်မရှင်သည် -

(၁) သက်ညှာခွင့်ပြုရန် လျှောက်ထားမှုကိုလက်ခံရာ၌ ဥပဒေချိုးဖောက်မှုပြုလုပ်သည့် အဓိကဦးဆောင်သူကို သက်ညှာခွင့်ပြုရန် ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(၂) စုံစမ်းစစ်ဆေးမှု ပြီးဆုံးချိန်နောက်ပိုင်း လာရောက်ပူးပေါင်းဆောင်ရွက်သူကို သက်ညှာမှု မပြုရ။

( ခ ) သက်ညှာမှုပြုရန် လျှောက်ထားသူသည် အမှန်တကယ်အသုံးဝင်ပြီး စုံစမ်းစစ်ဆေးရေးကော်မတီအနေဖြင့် မသိရှိသေးသော အချက်အလက်များ၊ သက်သေခံအထောက်အထားများကို တင်ပြရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။

၇၈။ ကော်မရှင်၊ ကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များသည် တိုင်ကြားသူ သို့မဟုတ် ထုတ်ဖော်သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရှိရမည်ဖြစ်ပြီး ဥပဒေအရလိုအပ်သည့် အကာအကွယ်အစီအမံများ ပြုလုပ်ပေးရမည်။

၇၉။ ကင်းလွတ်ခွင့်ရလိုမှုဖြင့် သတင်းပေးဖော်ထုတ်မှုသည် သဘောရိုးဖြင့်မဟုတ်ဘဲ အဖိုးစားနားပေး၍ဖြစ်စေ၊ မပေးဘဲဖြစ်စေ တစ်နည်းနည်းဖြင့်ဆောင်ရွက်လျှင်သော်လည်းကောင်း၊ သဘောရိုးဖြင့် အဖိုးစားနားပေး၍ဆောင်ရွက်လျှင်သော်လည်းကောင်း ရာဇသတ်ကြီးအရ အရေးယူခြင်းခံရမည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၈၀။ စုံစမ်းစစ်ဆေးရေးကော်မတီသည် ဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ဖောက်ဖျက်ကြောင်း စုံစမ်းသိရှိလျှင်ဖြစ်စေ၊ တိုင်ကြားချက် သို့မဟုတ် သတင်းတစ်စုံတစ်ရာရရှိလျှင်ဖြစ်စေ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်နိုင်ခြင်း ရှိ မရှိ သိရှိနိုင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းစစ်ဆေးနိုင်သည်။

၈၁။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှုဆောင်ရွက်ရာတွင် ကော်မတီသည် အစည်းအဝေးကျင်းပ၍ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည်။ ယင်းအစည်းအဝေးသို့ စုံစမ်းစစ်ဆေးခြင်းခံရသည့် စီးပွားရေးလုပ်ငန်းရှင်ကို ပါဝင်တက်ရောက်စေ၍ ရှင်းလင်းတင်ပြခွင့်ပြုနိုင်သည်။

၈၂။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှုသည် ကော်မတီက ချမှတ်သည့်နေ့ရက်မှစတင်၍ အကျိုးသက်ရောက်မှုရှိသည်။

၈၃။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို တိုင်ကြားသူထံ စာဖြင့်ရေးသား အကြောင်းပြန်ကြားရမည်။

၈၄။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရသည့် စီးပွားရေးလုပ်ငန်းရှင်သည် ကော်မတီ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အောက်ဖော်ပြပါစာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ ကော်မရှင်သို့ အယူခံလွှာတင်သွင်းနိုင်သည် -

(က) စုံစမ်းစစ်ဆေးရေးကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့် မိတ္တူမှန်၊

(ခ) အားကိုးအားထားပြုသည့် သက်သေခံအထောက်အထားများနှင့် အခြားအထောက်အထားများ၊

(ဂ) မည်သည့်အကြောင်းကြောင့် အယူခံဝင်ရသည့် အကြောင်းပြချက်။

၈၅။ ကော်မရှင်သည် အယူခံလွှာလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း အယူခံလွှာကို စိစစ်သုံးသပ်၍ လိုအပ်သည်ဟုယူဆပါ က -

(က) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သူတစ်ဦးဦးကိုဖြစ်စေ၊ သက်သေတစ်ဦးဦးကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးမှုတစ်ရပ်လုံးကိုဖြစ်စေ၊ လိုအပ်သော အချက်အလက်များကိုဖြစ်စေ မူလ စုံစမ်းစစ်ဆေးရေးကော်မတီကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို ထပ်မံဖွဲ့စည်း၍လည်းကောင်း တာဝန်ပေးအပ်စစ်ဆေးစေနိုင်သည်။

၈၆။ ကော်မရှင်သည် အယူခံမှုနှင့်စပ်လျဉ်း၍ အယူခံဝင်ရောက်သည့် စီးပွားရေးလုပ်ငန်းရှင်ကို ပါဝင်တက်ရောက် ရှင်းလင်းတင်ပြခွင့်ပြုရမည်။

၈၇။ ကော်မရှင်သည် အယူခံမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၈၈။ ဝန်ကြီးဌာနသည် ကော်မရှင် သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မတီက စီမံခန့်ခွဲမှုနည်းလမ်းအရချမှတ်သည့် ဒဏ်ကြေးငွေပေးဆောင်ခြင်း မရှိသော သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်အပေါ် ဝင်ငွေခွန်မပြေကျန်ငွေအဖြစ် ကောက်ခံနိုင်ရန် ကော်မရှင်ရုံးရှိ သင့်လျော်သော ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကို ကော်လိတ်တော်အရာရှိအဖြစ် သတ်မှတ်တာဝန်ပေးအပ်ရမည်။

၈၉။ နည်းဥပဒေ ၈၈ အရခန့်အပ်ခံရသည့် ကော်လိတ်တော်အရာရှိသည် ယင်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်။

၉၀။ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များအတွက် ရရှိသည့်ဒဏ်ကြေးငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးသွင်းရမည်။

## အခန်း(၁၂)

## တရားစွဲဆိုခြင်း

၉၁။ နည်းဥပဒေ ၇၂ အရ တရားစွဲဆိုရန်ဆုံးဖြတ်လျှင် ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးကော်မတီတွင် ပါဝင်သူတစ်ဦးဦးကို တရားလိုပြုလုပ်၍ ရဲစခန်း၌ တိုင်ကြားရန် ညွှန်ကြားရမည်။

၉၂။ နည်းဥပဒေ ၉၁ အရ တရားလိုပြုလုပ်တိုင်ကြားရန် တာဝန်ပေးအပ်ခြင်းခံရသူသည် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသည့်အခါ ယင်းအမှုနှင့်ပတ်သက်၍ ကော်မရှင်သို့ တိုင်ကြားခဲ့သည့် တိုင်ကြားစာမူရင်း၊ ယင်းအမှုနှင့်ပတ်သက်၍ ယခင်ကတိုင်ကြားခဲ့သည့် မှတ်တမ်းများရှိပါ က ထိုတိုင်ကြားမှုနှင့်ပတ်သက်သည့် မှတ်တမ်းမိတ္တူနှင့် တိုင်ကြားစာမူရင်း သို့မဟုတ် ဈေးကွက်စောင့်ကြည့်လေ့လာမှုအရသိရှိရသည့် အစီရင်ခံစာ၊ စုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးတွေ့ရှိသည့်အချက်အလက်၊ သက်သေခံအထောက်အထား၊ သုံးသပ်အကြံပြုအစီရင်ခံစာ၊မည်သည့်အတွက်ကြောင့် တရားစွဲဆိုရခြင်းအကြောင်းအရာနှင့် ပတ်သက်သည့် တင်ပြချက်နှင့် အခြားလိုအပ်သော အချက်အလက်၊ သက်သေခံအထောက်အထားများကိုပူးတွဲ၍ တိုင်ကြားရမည်။

၉၃။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်များသည် ခိုင်မာသောသက်သေခံအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။

၉၄။ ကော်မရှင်သည် ဥပဒေချိုးဖောက်သော စီးပွားရေးလုပ်ငန်းရှင်အား ရဲစခန်းတွင် အမှုဖွင့်တိုင်ကြား၍ တရားရုံးတွင် တရားစွဲဆိုခြင်းကိုလည်းကောင်း၊ တရားရုံးမှချမှတ်သည့် ဆုံးဖြတ်ချက်များကိုလည်းကောင်း တိုင်ကြားသူမှ သိရှိနိုင်စေရန် စာဖြင့်ရေးသားအကြောင်းပြန်ကြားရမည်။

## အခန်း(၁၃)

## အထွေထွေ

၉၅။ ယှဉ်ပြိုင်မှုဆိုင်ရာ အမှုကိစ္စနှင့်ပတ်သက်သည့် အသုံးစရိတ်များကို ယင်းကိစ္စဆောင်ရွက်ရာတွင်သာအသုံးပြုရမည်။ကော်မရှင်သည် ယှဉ်ပြိုင်မှုဆိုင်ရာအမှုကိစ္စအတွက်အသုံးပြုရမည့် နှုန်းထား

များ၊ ငွေပေးချေမှုများ၊ စီမံခန့်ခွဲမှုကုန်ကျစရိတ်များနှင့် အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရမည်။

၉၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီဝင်၊ လုပ်ငန်းအဖွဲ့ဝင်များက ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သည့် အစည်းအဝေးတက်ရောက်ခြင်း၊ အမှုစစ်ဆေးကြားနာခြင်းတို့အတွက် ကုန်ကျသောခရီးစရိတ်နှင့် တည်းခိုနေထိုင်စားသောက်ခြင်းအတွက် ကုန်ကျစရိတ်ကိုကော်မရှင်၏အသုံးစရိတ်မှ ကျခံရမည်။

၉၇။ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီဝင်၊ လုပ်ငန်းအဖွဲ့ဝင်များသည် ယှဉ်ပြိုင်မှုနှင့် သက်ဆိုင်သည့် အစည်းအဝေးတက်ရောက်ခြင်း၊ အမှုစစ်ဆေးကြားနာခြင်းတို့အတွက် ခရီးစရိတ်နှင့် တည်းခိုနေထိုင်စားသောက်ခြင်းအတွက် ကုန်ကျစရိတ်တို့ကို ကော်မရှင်၏အသုံးစရိတ်မှဖြစ်စေ၊ သက်ဆိုင်ရာဌာန၏ အသုံးစရိတ်မှဖြစ်စေ ခံစားနိုင်သည်။

၉၈။ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူများ ခေါ်ယူမှုအတွက် ထိုက်သင့်သည့် ဉာဏ်ပူဇော်ခ၊ ခရီးစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်ကို ကော်မရှင်၏အသုံးစရိတ်မှ ကျခံရမည်။

၉၉။ ကော်မရှင်သည် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍သက်ဆိုင်ရာကဏ္ဍများအလိုက် ပြည်တွင်း၊ ပြည်ပရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ပုံ) ဒေါက်တာသန်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**ပုံစံ-၁**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်**
**တိုင်ကြားမှု ပုံစံ**

<table>
<tr><td rowspan="8">တိုင်ကြားသူ</td><td>အမည်</td><td colspan="4"></td></tr>
<tr><td>ကိုင်ဆောင်သည့်<br>သက်သေခံလက်မှတ်အမှတ်</td><td colspan="4"></td></tr>
<tr><td rowspan="3">ကုမ္ပဏီဖြစ်လျှင်</td><td>အမည်</td><td colspan="3"></td></tr>
<tr><td>ကိုယ်စားလှယ်အမည်</td><td colspan="3"></td></tr>
<tr><td>ကိုင်ဆောင်သည့်သက်<br>သေခံလက်မှတ်အမှတ်</td><td colspan="3"></td></tr>
<tr><td>နေရပ်လိပ်စာ(အပြည့်အစုံ)</td><td colspan="4"></td></tr>
<tr><td rowspan="2">ဆက်သွယ်နိုင်မည့်<br>အချက်အလက်များ</td><td>တယ်လီဖုန်း</td><td></td><td>လက်ကိုင်ဖုန်း</td><td></td></tr>
<tr><td>ဖက်စ်</td><td></td><td>အီးမေးလ်</td><td></td></tr>
<tr><td rowspan="6">တိုင်ကြားခံရသူ</td><td>အမည်</td><td>ရာထူး</td><td>တယ်လီဖုန်း</td><td>နေရပ်လိပ်စာ</td><td></td></tr>
<tr><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကုမ္ပဏီဖြစ်လျှင်</td><td>အမည်</td><td>တယ်လီ ဖုန်း</td><td>နေရပ်လိပ်စာ</td><td>တိုင်ကြားခံရသည့်လုပ်ငန်း၏<br>အကြီးအကဲ(အမည်၊ရာထူး)</td></tr>
<tr><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td></td><td></td><td></td><td></td></tr>
<tr><td rowspan="2">တိုင်ကြားမှု<br>ဖြစ်စဉ်<br>အကျဉ်းချုပ်</td><td colspan="5">☆မည်သူ ☆နေရာ ☆အချိန်<br>☆ဆောင်ရွက်ပုံ ☆မည်သည့်အတွက်ကြောင့် ☆ဆောင်ရွက်မှု(ဥပမာ-ဈေးနှုန်းထိန်းချုပ်ခြင်း၊ မတရားပူးပေါင်းဆောင်ရွက်ခြင်းစသည်)<br>☆ဖြစ်စဉ်အပြည့်အစုံကို နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်သည်။</td></tr>
<tr><td colspan="5"></td></tr>
<tr><td>သက်သေခံ</td><td colspan="5">သင့်ထံတွင် သက်သေခံအထောက်အထားများ ရှိပါသလား။</td></tr>
</table>

| | |
|---|---|
| အထောက်အထားများ | ☐ ရှိ ( နောက်ဆက်တွဲဖြင့် ဖော်ပြရန်)<br>☐ မရှိ |
| အမည်ထုတ်ဖော်တိုင်ကြားလိုခြင်း ရှိ/မရှိ | သင့်၏အမည်၊ ရာထူးကို ထုတ်ဖော်တင်ပြ၍ တိုင်ကြားလိုပါသလား။<br>☐ ထုတ်ဖော်လိုပါသည်။<br>☐ ထုတ်ဖော်လိုခြင်းမရှိပါ။<br>☐ အမှုပြီးဆုံးပြီးနောက်မှသာ ထုတ်ဖော်လိုပါသည်။ |
| ကျွန်ုပ်သည် ဤတိုင်ကြားမှုကို ယှဉ်ပြိုင်မှုဥပဒေနှင့် ယှဉ်ပြိုင်မှုနည်းဥပဒေများနှင့်အညီ တိုင်ကြားခြင်းဖြစ်ပါသည်။<br>တိုင်ကြားသူ<br>လက်မှတ် -<br>အမည် -<br>ရာထူး -<br>ရက် လ နှစ် | |
| တိုင်ကြားမှုကို လက်ခံသူ<br>လက်မှတ် -<br>အမည် -<br>ရာထူး -<br>ရက် လ နှစ် | |

**ပုံစံ -၂**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်**
**သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်း ပုံစံ**

၁။ သက်သေခံပစ္စည်းများသိမ်းဆည်းသည့် နေ့ရက်နှင့် အချိန် ……………………………………………………………………………

၂။ သက်သေခံပစ္စည်းများသိမ်းဆည်းသည့်နေရာ ……………………………………………………………………………

၃။ စုံစမ်းစစ်ဆေးခြင်းခံရသူ -

(က) အမည် ……………………………………………………………………………

(ခ) အဘအမည် ……………………………………………………………………………

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊နိုင်ငံသား၊နိုင်ငံကူးလက်မှတ်အမှတ်၊ဗီဇာအမှတ်……………………………………………………………………………

(ဃ) အလုပ်အကိုင် ……………………………………………………………………………

(င) နေရပ်လိပ်စာ (အပြည့်အစုံ) ……………………………………………………………………………

……………………………………………………………………………

၄။ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းခံရသူ -

(က) အမည် ……………………………………………………………………………

(ခ) အဘအမည် ……………………………………………………………………………

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊နိုင်ငံခြားသားမှတ်ပုံတင်အမှတ်၊နိုင်ငံသား၊နိုင်ငံကူးလက်မှတ်အမှတ်၊ဗီဇာအမှတ်……………………………………………………………………………

(ဃ) အလုပ်အကိုင် ……………………………………………………………………………

(င) နေရပ်လိပ်စာ (အပြည့်အစုံ) ……………………………………………………………………………

……………………………………………………………………………

၅။ သိမ်းဆည်းသည့် သက်သေခံပစ္စည်းများ

| စဉ် | သက်သေခံပစ္စည်းအမျိုးအမည် | တန်ဖိုး | တည်နေရာ | အသေးစိတ်အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၆။ စုံစမ်းစစ်ဆေးရေးကော်မတီ/လုပ်ငန်းအဖွဲ့က ဤဥပဒေအရစုံစမ်းစစ်ဆေးမှုပြုရန် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း သို့မဟုတ် ငွေရေးကြေးရေးအထောက်အထားတစ်ခုခုကို တောင်းယူသိမ်းဆည်းရာတွင် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ/ပေးအပ်သူမှ လိုက်နာရန်ပျက်ကွက်ပါက ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၄၃ အရ အရေးယူခြင်းခံရမည်ကို သိရှိနားလည်ပါသည်။

**စုံစမ်းစစ်ဆေးခြင်းခံရသူ/ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ**
လက်မှတ် ……………………………………..
အမည် …………………………………………
အဘအမည် ……………………………………
နိုင်ငံသားစိစစ်ရေးအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်
…………………………………………………
အလုပ်အကိုင် ………………………………….
နေရပ်လိပ်စာ ……………………………..........

**စုံစမ်းစစ်ဆေးရေးမှူး**
လက်မှတ် …………………………………………
အမည် ……………………………………………
နိုင်ငံသားစိစစ်ရေးအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်
…………………………………………………
အလုပ်အကိုင် ……………………………………..
နေရပ်လိပ်စာ ……………………………...............

၇။ ဤသက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းပုံစံပါ သက်သေခံပစ္စည်းများကို ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် သိမ်းဆည်းခြင်းမှန်ကန်ကြောင်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြပါသည်။

**အသိသက်သေ(၁)**
လက်မှတ် ……………………………………..
အမည် …………………………………………
အဘအမည် ……………………………………
နိုင်ငံသားစိစစ်ရေးအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်
…………………………………………………
အလုပ်အကိုင် ………………………………….
နေရပ်လိပ်စာ ……………………………..........

**အသိသက်သေ(၂)**
လက်မှတ် …………………………………………
အမည် ……………………………………………
အဘအမည် ………………………………………
နိုင်ငံသားစိစစ်ရေးအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်
…………………………………………………
အလုပ်အကိုင် ……………………………………..
နေရပ်လိပ်စာ ……………………………...............

**မှတ်ချက်**

(၁) သက်သေခံပစ္စည်းအရေအတွက်ကို ဖော်ပြရာတွင် ကိန်းဂဏန်းအပြင် စာဖြင့်ရေးသားဖော်ပြရမည်။

(၂) ပစ္စည်းအရေအတွက် ရေးသားဖော်ပြရာတွင် နေရာမလုံလောက်ပါက သီးခြားစာရွက်ဖြင့် ရေးသားဖော်ပြပြီး စာမျက်နှာတိုင်းတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ စိစစ်ရေးအဖွဲ့ခေါင်းဆောင်နှင့် အသိသက်သေတို့က လက်မှတ်ရေးထိုးရမည်။

(၃) စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင်သည် စုံစမ်းစစ်ဆေးခြင်းခံရသူအား ဤ ပုံစံ -၂ ပါအချက်အလက်များကို ဖတ်ကြားရှင်းလင်းပြရမည်။

ပုံစံ - ၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**မြန်မာနိုင်ငံယဉ်ကျေးမှုပြတိုက်မှုကော်မရှင်**
**သက်သေခံပစ္စည်းများ ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ်**

၁။ -----------ခုနှစ်၊ ---------------လ-------ရက်နေ့တွင် ---------------မြို့နယ်၊------------------ရပ်ကွက်/ကျေးရွာ၊------------လမ်း၊အမှတ်--------နေ ကျွန်တော်/ကျွန်မ ဦး/ဒေါ်----------------(ဘ)အမည်----------------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------၊ အလုပ်အကိုင် ---- --------------------၊ ကုမ္ပဏီအမည် ------------------------------၊ ကုမ္ပဏီလိပ်စာ ---------------------------------က ကတိခံဝန်ချုပ်ကို ဖောက်ဖျက်ပါ က ဤကတိခံဝန်ချုပ်တွင် ဖော်ပြထားသည့်အတိုင်းပေးလျော်ရန် သဘောတူကြောင်းကတိခံဝန်ချုပ် ချုပ်ဆို၍ အောက်တွင် လက်မှတ်ရေးထိုးပါသည်။

၂။ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် ကျွန်တော်/ကျွန်မ/--------------------------ပိုင် အောက်ပါစာရွက်စာတမ်းအထောက်အထားများ/ပစ္စည်းများကို ---------------မြို့နယ်၊ -------------------ရပ်ကွက်၊ ကျေးရွာ၊ ----------------လမ်း၊ အမှတ်-----------------------တွင် စိစစ်ရေးအဖွဲ့က သိမ်းဆည်းခဲ့ပါသည် -

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တန်ဖိုး | တည်နေရာ | အသေးစိတ်အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၃။ အပိုဒ် ၂ ပါ သိမ်းဆည်းထားသည့်ပစ္စည်းများကို ကျွန်တော်/ကျွန်မထံ ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်အပ်နှံထားသည့်အချိန်အတွင်း ယင်းစာရွက်စာတမ်းအထောက်အထားများ/ပစ္စည်းများ၏ မူလပုံသဏ္ဍာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းတစ်ရပ်ရပ်ကို မပြုလုပ်ပါဟုလည်းကောင်း၊ ဖျက်ဆီးခြင်း၊ ပျက်ဆီးစေရန်ရည်ရွယ်၍ မူလပုံသဏ္ဍာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကို မပြုလုပ်ပါဟုလည်းကောင်း ဝန်ခံကတိပြုပါသည်။

၄။ အပိုဒ် ၂ ပါ သိမ်းဆည်းသည့် စာရွက်စာတမ်းအထောက်အထားများ/ပစ္စည်းများကို -------------------မြို့နယ်၊-------------------ရပ်ကွက်/ ကျေးရွာ---------------------လမ်း၊ အမှတ်--------------တွင်သာ ထားရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံယဉ်ကျေးမှုပြတိုက်မှုကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်းမပြုပါဟု ဝန်ခံကတိပြုပါသည်။

၅။ အဆိုပါစာရွက်စာတမ်းအထောက်အထားများ/ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုလုပ်မည်ဖြစ်ကြောင်း ထပ်လောင်း၍ ဝန်ခံကတိပြုပါသည်။

၆။ အထက်ပါဝန်ခံကတိပြုချက်တစ်ရပ်ရပ်ကို ကျွန်တော်/ကျွန်မက ဖောက်ဖျက်လျှင်ဖြစ်စေ၊ ကျွန်တော်/ကျွန်မ၏ အားပေးကူညီချက်အရ တစ်ဦးတစ်ယောက်က ဖောက်ဖျက်လျှင်ဖြစ်စေ ကတိခံဝန်ချုပ်ဖြင့် စာရွက်စာတမ်းအထောက်အထားများ/ပစ္စည်းများ ပြန်လည်ပေးအပ်ထားခြင်းကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်းနှင့် သက်သေခံဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းကိုလည်း သိရှိနားလည်ပါသည်။

**လက်ခံရရှိသူ**
လက်မှတ်-------------------------------------------------------
အမည်----------------------------------------------------------
အဘအမည်-----------------------------------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/ အမျိုးသားမှတ်ပုံတင် အမှတ်---------
အလုပ်အကိုင်---------------------------------------------------
နေရပ်လိပ်စာ---------------------------------------------------

ဤကတိခံဝန်ချုပ်ပါ ဝန်ခံကတိပြုချက်တစ်ရပ်ရပ်ကို လက်ခံရရှိသူက ဖောက်ဖျက်ပြီး သတ်မှတ်ထားသည့်အတိုင်းဆောင်ရွက်မှုမရှိလျှင် ကျွန်ုပ်တို့ အာမခံသူ ၂ ဦးက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပူးတွဲ၍ဖြစ်စေ ကျခံရမည့်ပြစ်ဒဏ်များကို ကိုယ်စားကျခံပါမည်ဟု အာမခံပါသည်။

**အာမခံသူ(၁)** **အာမခံသူ(၂)**

လက်မှတ်----------------------------------------------------------
အမည်-------------------------------------------------------------
အဘအမည်---------------------------------------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်-----------
အလုပ်အကိုင်------------------------------------------------------
နေရပ်လိပ်စာ-----------------------------------------------------

လက်မှတ်----------------------------------------------------------
အမည်-------------------------------------------------------------
အဘအမည်---------------------------------------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်---------------
အလုပ်အကိုင်------------------------------------------------------
နေရပ်လိပ်စာ-----------------------------------------------------

ဤကတိခံဝန်ချုပ်ကို ကျွန်ုပ်၏ရှေ့မှောက်တွင် ချုပ်ဆိုကြောင်း လက်မှတ်ရေးထိုးပါသည်။

**စိစစ်ရေးအဖွဲ့ခေါင်းဆောင်**
လက်မှတ်-------------------------------------------
အမည်----------------------------------------------

**မှတ်ချက်**

(၁) သိမ်းဆည်းသည့်စာရွက်စာတမ်းအထောက်အထားများ/ပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က တားမြစ်မိန့် ထုတ်ဆင့်ပြီးမှသာ ဤကတိခံဝန်ချုပ် ပုံစံ-၃ ကို ပြုလုပ်ရမည်။

**ပုံစံ - ၄**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်**
**နေ့စဉ်မှတ်တမ်း**

အမည် ------------------------------------------------------------------------
ရာထူး ------------------------------------------ ဌာန ------------------------------------------
လုပ်ငန်းဆောင်ရွက်သည့်နယ်ပယ် ---------------------------------------------------------
အဖွဲ့ခေါင်းဆောင် ------------------------------------------------------------------

| စဉ် | ရက်စွဲ/အချိန် | ဆောင်ရွက်ချက်နှင့် စစ်ဆေးတွေ့ရှိချက် |
|---|---|---|
| | | |

**အဖွဲ့ခေါင်းဆောင်**
လက်မှတ်-------------------------------------------
အမည်----------------------------------------------

**အဖွဲ့ဝင်**

လက်မှတ်----------------------------------------------------------
အမည်-------------------------------------------------------------

**အဖွဲ့ဝင်**

လက်မှတ်----------------------------------------------------------
အမည်-------------------------------------------------------------

**အဖွဲ့ဝင်**

လက်မှတ်----------------------------------------------------------
အမည်-------------------------------------------------------------

**အဖွဲ့ဝင်**

လက်မှတ်----------------------------------------------------------
အမည်-------------------------------------------------------------